# နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များ

(၂၂-၃-၂၀၂၃)

၁။ ခရီးသွားများတွင် အောက်ပါစာရွက်စာတမ်း/အထောက်အထားများ ရှိရမည်-

(က) ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် အောက်ပါကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအနက် တစ်မျိုးမျိုးကို မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့် နေ့ရက်မတိုင်မီ လွန်ခဲ့သော (၁၄) ရက်ကျော်က အကြိမ်ပြည့် ထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်-

- CoronaVac (Sinovac Biotech Ltd.)၊
- AstraZeneca or Covishield (AstraZeneca & University of Oxford/SK Bioscience (Korea) /Siam BioScience/ Serum Institute of India (SII))၊
- Pfizer- BioNTech COVID-19 Vaccine or Comirnaty (Pfizer Inc., & BioNTech)၊
- Janssen or Johnson & Johnson (Janssen Pharmaceuticals Companies of Johnson & Johnson)၊
- Moderna (ModernaTX, Inc.)၊
- Sinopharm or COVILO or BIBP-CorV (Beijing Institute of Biological Products Co., Ltd)၊
- Sputnik V (Gam-COVID-Vac) (Gamaleya National Research Centre of Epidemiology and Microbiology)၊
- Sputnik Light (Gamaleya National Research Centre of Epidemiology and Microbiology)၊
- Covaxin by Bharat Biotech။
- Myancopharm by Ministry of Industry, Myanmar
- Nuvaxovid (NVX-CoV2373) vaccine, Novavax Co.Ltd
- Covovax, Serum Institute of India Pvt Ltd
- CorBEvaxTM , Biological E Limited

- COMIRNATY®, BioNTech Manufacturing GmbH
- COMIRNATY®Original/Omicron BA.1, BioNTech Manufacturing GmbH
- VAXZEVRIA, AstraZeneca AB / SK Bioscience Co. Ltd
- COVISHIELD™, Serum Institute of India Pvt. Ltd
- COVID-19 Vaccine, Janssen–Cilag International NV
- SPIKEVAX, Moderna Biotech
- CONVIDECIA, CanSino Biologics Inc

[အသက် (၁၂) နှစ်အောက် ကလေးများအနေဖြင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားသည့် မိဘ (သို့မဟုတ်) အုပ်ထိန်းသူနှင့်အတူ ခရီးသွားခြင်းဖြစ်ပါက ဤသတ်မှတ်ချက်မှ ကင်းလွတ်ခွင့်ပြု သည်။ သက်သေခံလက်မှတ်တွင် ကာကွယ်ဆေးအမည်၊ ထိုးနှံသည့်နိုင်ငံနှင့်ရက်စွဲများကို ခရီးသွား၏ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့်အတူအင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာဖြင့် ဖြစ်စေ၊ နှစ်မျိုးစလုံးဖြင့် ဖြစ်စေ ရှင်းလင်းတိကျစွာ ဖော်ပြရမည်။]

(ခ) ကိုဗစ်-၁၉ ကာကွယ်ဆေးအကြိမ်ပြည့် မထိုးနှံထားသူများအနေဖြင့် မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့် အချိန်မတိုင်မီ အများဆုံး (၄၈) နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း **RT-PCR** နည်းဖြင့် စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲအဖြေ

[အသက် (၁၂) နှစ်အောက် ကလေးများကို ဤသတ်မှတ်ချက်မှ ကင်းလွတ်ခွင့်ပြုသည်။ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲအဖြေနှင့် စစ်ဆေးသည့် နေ့ရက်ကို ခရီးသွား၏ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့်အတူ အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်း တိကျစွာ ဖော်ပြရမည်။]

(ဂ) နိုင်ငံခြားသားခရီးသွားများအတွက် ကိုဗစ်-၁၉ဆိုင်ရာ ကျန်းမာရေးအာမခံ ဝယ်ယူထားကြောင်း အထောက်အထား

(နိုင်ငံခြားသားခရီးသွားများအတွက် သက်ဆိုင်ရာနိုင်ငံအစိုးရ/ ကျန်းမာရေးအာမခံ လုပ်ငန်းများထံမှ လည်းကောင်း၊ နိုင်ငံတကာအသိအမှတ်ပြု ကျန်းမာရေးအာမခံ လုပ်ငန်းများထံမှလည်းကောင်း ကိုဗစ်-၁၉ဆိုင်ရာ ကျန်းမာရေးအာမခံအပါအဝင် ကျန်းမာရေးအာမခံဝယ်ယူထားကြောင်း အထောက် အထားတင်ပြနိုင်ပါက မြန်မာ့အာမခံလုပ်ငန်းထံမှ ကျန်းမာရေးအာမခံဝယ်ယူခြင်းအား ကင်းလွတ် ခွင့်ပြုပါမည်။ အထက်ဖော်ပြပါကျန်းမာရေးအာမခံဝယ်ယူထားကြောင်း အထောက်အထား မတင်ပြနိုင် ပါက မြန်မာ့အာမခံလုပ်ငန်းထံမှ ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအာမခံ ဝယ်ယူရပါမည်။ အသေးစိတ်ကို မြန်မာ့အာမခံလုပ်ငန်း website Myanma Insurance (mminsurance.gov.mm) တွင် လေ့လာနိုင်ပါသည်။)

၂။ ခရီးသွားများအနေဖြင့် စာပိုဒ် ၁ တွင် ဖော်ပြထားသည့် စာရွက်စာတမ်း/ အထောက်အထား အသီးသီး၏ မိတ္တူတစ်စုံစီကို မြန်မာနိုင်ငံသို့ လာရောက်မည့် လေယာဉ်ပေါ်သို့ တက်ရောက်ရန် စာရင်းသွင်းစဉ် လေကြောင်းလိုင်းဝန်ထမ်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံသို့ ဆိုက်ရောက်ချိန်တွင် သက်ဆိုင်ရာလေဆိပ်ရှိ ကျန်းမာရေးအရာရှိများကိုလည်းကောင်း ပြသရမည်။

၃။ ခရီးသွားများအနေဖြင့် ကျန်းမာရေးကြေညာချက် (Health Declaration Form) ကို မြန်မာနိုင်ငံသို့ ဆိုက်ရောက်ချိန်တွင် သက်ဆိုင်ရာလေဆိပ်ရှိ ကျန်းမာရေးအရာရှိများထံသို့ တင်ပြရမည်။ [ကျန်းမာရေးကြေညာချက်တွင် မည်သည့်အချက်အလက်ကိုမဆို မှန်ကန်စွာ ဖြည့်စွက်ခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်ပါမည်။]

၄။ ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံသို့ဆိုက်ရောက်ချိန်တွင် သက်ဆိုင်ရာ လေဆိပ်ကျန်းမာရေးအရာရှိများက ဆောင်ရွက်သော ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် လိုအပ်သောကျန်းမာရေးစစ်ဆေးခြင်းတို့ကို ခံယူရမည်။

၅။ ခရီးသွားများတွင် ကိုယ်အပူချိန်မြင့်တက်ခြင်း အပါအဝင် ကိုဗစ်-၁၉ ရောဂါ လက္ခဏာများ တွေ့ရှိပါက RDT နည်းဖြင့် လေဆိပ်ကျန်းမာရေးဌာနတွင် စစ်ဆေး၍ ကိုဗစ်-၁၉ ရောဂါရှိကြောင်း တွေ့ရှိလျှင် ၎င်းတို့ကို ကျန်းမာရေးအစီအမံများနှင့်အညီ ချက်ချင်း သီးခြားထားရှိမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီး ဌာနက သတ်မှတ်ထားသည့် ဆေးရုံ (သို့မဟုတ်) ကုသရေးစင်တာ (သို့မဟုတ်) ဟိုတယ်သို့ လွှဲပြောင်း ပို့ဆောင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ကုသရေးလုပ်ငန်းလမ်းညွှန်များအတိုင်း ကုသမှုခံယူရမည်။

၆။ မြန်မာနိုင်ငံတွင် နေထိုင်စဉ်အတွင်း ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက ခရီး သွားများအနေဖြင့် မိမိတို့ရောက်ရှိရာဒေသရှိ ကျန်းမာရေးဌာနသို့ သတင်းပေးပို့ရမည်။

၇။ ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာခြင်းမပြုမီ ၎င်းတို့ သွားရောက်မည့် (သို့မဟုတ်) ခရီးတစ်ထောက်ရပ်နားမည့် နိုင်ငံများ၏ လိုအပ်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးမှု ပြုလုပ်လိုပါက ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းများတွင် မိမိစရိတ်ဖြင့် ဆောင်ရွက်နိုင်သည်။

၈။ အပိုဒ် ၁ (က) နှင့် (ခ) တို့တွင် ဖော်ပြထားသည့် စာရွက်စာတမ်း/အထောက်အထားများကို မတင်ပြနိုင်သည့် ခရီးသွားများအနေဖြင့် ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် Relief Flight ဖြင့်သာ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။

၉။ ခရီးသည်များအနေဖြင့် လေဆိပ်အာဏာပိုင်နှင့် သက်ဆိုင်ရာကျန်းမာရေးဌာန၏ ညွှန်ကြားချက်များကို တိကျစွာလိုက်နာရမည်ဖြစ်ပြီးနှင့် လိုက်နာရန်ပျက်ကွက်ပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်။

၁၀။ မြန်မာနိုင်ငံသို့ နိုင်ငံတော်အဆင့်လေယာဉ်ခရီးစဉ် (state flight) များ (သို့မဟုတ်) သီးသန့်လေယာဉ်ခရီးစဉ်များဖြင့် လာရောက်သော နိုင်ငံတော်အဆင့် ဧည့်သည်တော်များ (သို့မဟုတ်) နိုင်ငံခြားကိုယ်စားလှယ်တော်များအနေဖြင့် ဆိုက်ရောက်မည့် နေ့ရက်မတိုင်မီ အလုပ်လုပ်ရက် အနည်းဆုံး (၅) ရက် ကြိုတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ထံသို့ တင်ပြ၍ အထက်ပါ သတ်မှတ်ချက်များမှ ကင်းလွတ်ခွင့် တောင်းခံနိုင်သည်။

၁၁။ မြန်မာနိုင်ငံတွင် ခရီးတစ်ထောက်ရပ်နားရန် လိုအပ်သည့် နိုင်ငံခြားလေယာဉ်အမှုထမ်းများအနေဖြင့် ၎င်းတို့၏ နောက်တစ်ကြိမ်လေယာဉ်ခရီးစဉ် မတိုင်မီအထိ သတ်မှတ်ထားသည့် ဟိုတယ်များတွင် သက်ဆိုင်ရာကျန်းမာရေးအစီအမံများနှင့်အညီ သီးခြားနေထိုင်ရမည်။

၁၂။ ခရီးသွားများအနေဖြင့် မိမိတို့၏ ဗီဇာလိုအပ်ချက်/ ကင်းလွတ်ခွင့်များနှင့် အခြားဗီဇာဆိုင်ရာကိစ္စရပ်များကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန website (https:// evisa.moip.gov.mm) တွင် ကြည့်ရှုနိုင်သည်။

၁၃။ ခရီးသွားများအနေဖြင့် လေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ သတ်မှတ်သည့်လေဆိပ်များမှတစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၁၄။ ဤသတ်မှတ်ချက်များသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲမှုရှိနိုင်ပါသည်။

၁၅။ ဤသတ်မှတ်ချက်များသည် ၂၂-၃-၂၀၂၃ ရက်နေ့၊ မြန်မာစံတော်ချိန် ၀၀:၀၁ နာရီမှ စတင်သက်ဝင်မည်ဖြစ်ပြီး "နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့်ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များ (၁၈-၂-၂၀၂၃)" ကို အစားထိုးမည် ဖြစ်ပါသည်။